ထံကူၤကီၢ်ဂၤကညီကရၢ

**International Karen Organisation**

Asia Pacific Region European Region US/Canada Region

# နှစ် (၇၀)ပြည့် ကရင့်တော်လှန်ရေးနေ့ IKO ၏ သဘောထားထုတ်ပြန်ကြေငြာချက်

နေ့စွဲ-၂၉/၁/၂၀၁၉

၁။ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ (၃၁)ရက်နေ့သည် နှစ် (၇၀)ပြည့် ကရင့်တော်လှန်ရေးနေ့ဖြစ်သည်။ ထို့ကြောင့် တော်လှန်ရေးတာဝန်ထမ်းဆောင်ရင်း တိုင်းပြည်နှင့်လူမျိုးအတွက် အသက်ပေးဆပ်သွားခဲ့ကြသော ကရင့်မျိုးချစ်အာဇာနည်သူရဲကောင်းများအား IKO မှ ဦးညွတ်အလေးပြုပါသည်။

၂။ ကရင်တို့သည် ကိုယ်ပိုင်ပြဌာန်းခွင့် အပြည့်အဝရှိသော ကရင်ပြည်ရရှိရေးအတွက် အင်္ဂလိပ်ကိုလိုနီခေတ်ကပင် အင်္ဂလိပ်အစိုးရထံ တောင်းဆိုခဲ့သည်။ မြန်မာပြည်လွတ်လပ်ရေးရပြီးသည့်နောက် အာဏာရ ဖဆပလအစိုးရထံ ဆက်လက်တောင်းဆိုခဲ့သည်။ သို့သော် ဖဆပလ အစိုးရမှ နိုင်ငံရေးပြသနာကို နိုင်ငံရေးနည်းလမ်းအရ ပြေလည်အောင် ဖြေရှင်းခြင်းမပြုသည့်အပြင် ၁၉၄၉ ဇန်နဝါရီလ (၃၀)ရက်နေ့တွင် KNU ဌာနချုပ်ကို စစ်ရေးဖြင့် စီးနင်းတိုက်ခိုက်သိမ်းပိုက်ခဲ့သည်။ တဆက်တည်းမှာပင် ၁၉၄၉ ဇန်နဝါရီလ (၃၁)ရက်နေ့တွင် KNDO ဌာနချုပ်ကို ထိုးစစ်ဆင်တိုက်ခိုက်လာသဖြင့် ကရင်တို့ ပြန်လည်ခုခံတိုက်ခိုက်ခြင်းဖြင့် ကရင့်လက်နက်ကိုင်တော်လှန်ရေးကြီး ဖြစ်ပေါ်လာခဲ့သည်။

၃။ ကရင့်တော်လှန်ရေးစတင်ချိန်တွင် ကရင်တို့၏ မျိုးချစ်စိတ်၊ စည်းလုံးညီညွတ်မှုနှင့် နိုင်ငံရေးနိုးကြားမှုတို့မှာ အမြင့်မားဆုံးသို့ ရောက်ရှိကာ အောင်ပွဲများစွာရရှိခဲ့သည်။ ထို့ကြောင့် ဤအနှစ် (၇၀)ပြည့် ကရင့်တော်လှန်ရေးနေ့မှစပြီး ကရင်လူမျိုးတိုင်း ၁၉၄၉ ခုနှစ် စိတ်ဓါတ်ကို ပြန်လည်မွေးမြူတည်ဆောက်ကြပါရန် IKO မှ တိုက်တွန်းနိုးဆော်ပါသည်။

၄။ ကရင့်တော်လှန်ရေး အနှစ် (၇၀)အတွင်း ကြီးမားသော အောင်မြင်မှုများရရှိသကဲ့သို့ ကြီးမားသော ဆုံးရှုံးမှုများလည်း ရှိခဲ့ပါသည်။ ထိုအတွေ့အကြုံများသည် ကရင့်တော်လှန်ရေးအတွက် တန်ဘိုးမဖြတ်နိုင်သော အရာများဖြစ်သည်။ ထို့ကြောင့် ကရင့်တော်လှန်ရေးသမားများမှာ အမှားများထပ်မံကျူးလွန်ခြင်းမပြုမိရန် သင်ခန်းစာယူတတ်ရေးသည် လွန်စွာမှအရေးကြီးသည်။ ထို့အတူ အောင်မြင်မှုများကိုလည်း နမူနာစံထားကာ ဆက်လက်တိုးပွားအောင်ကြံဆောင်ခြင်းဖြင့် တော်လှန်ရေးကို မြှင့်တင်ဆောင်ရွက်သင့်ကြောင်း IKO မှ အကြံပြုပါသည်။

၅။ ကရင့်တော်လှန်ရေးသည် ဗမာအစိုးရအဆက်ဆက်နှင့် ပြည်တွင်းငြိမ်းချမ်းရေးအတွက် ဆွေးနွေးလာခဲ့သည်မှာ (၆)ကြိမ်တိုင်ရှိပြီ ဖြစ်သည်။ ဗမာအစိုးရဘက်မှ အမှန်တကယ်ပြည်တွင်းငြိမ်းချမ်းရေး ရလိုသောဆန္ဒမရှိဘဲ ယင်းတို့၏ နိုင်ငံရေး၊ စစ်ရေး အကျိုးအမြတ်အတွက်သာ အသုံးချခဲ့သည်ကိုတွေ့ရသည်။ လက်ရှိကာလတွင် ပြည်တွင်းငြိမ်းချမ်းရေးဆွေးနွေးပွဲ လုပ်ငန်းစဉ်မှာ ရှေ့မတိုးသာ နောက်မဆုတ်သာ အခြေအနေတွင် ရှိနေသည်။ ဗမာ့တပ်မတော်၏ ၂၀၁၈ ဒီဇင်ဘာလ (၂၁)ရက်နေ့စွဲဖြင့် ထုတ်ပြန်ချက်တွင် စစ်တိုင်း (၅)တိုင်းအား စစ်ဆင်ရေး (၄)လ ရပ်ဆိုင်းမည်ဟုပါရှိသည်။ အမှန်တကယ် ပြည်တွင်းငြိမ်းချမ်းရေးကို လိုလားပါက ကန့်သတ်ချက်မထားဘဲ တနိုင်ငံလုံးစစ်ဆင်ရေးများရပ်ဆိုင်းထားရန် ကြေညာသင့်သည်။ ယခုကဲ့သို့ ကန့်သတ်ချက်များဖြင့် ထုတ်ပြန်ခြင်းသည် ဗမာ့တပ်မတော်မှ တိုင်းရင်းသားများအပေါ် ကျင့်သုံးနေကျအတိုင်း ခွဲခြားစည်းရုံးသည့် နည်းဗျူဟာတရပ်ဖြစ်သည်ဟု IKO မှ ရှုမြင်သည်။

၆။ မြန်မာနိုင်ငံသမတရုံးမှ (AA)ရခိုင့်တပ်မတော်ကို စစ်ရေးအရနှိမ်နင်းရန် ညွှန်ကြားကြောင်း သမတရုံးပြောရေးဆိုခွင့်ရှိသူမှ ၇/၁/၂၀၁၉ နေ့တွင် ပြောကြားလိုက်သည်ကိုသိရသည်။ နိုင်ငံရေးပြသနာကို နိုင်ငံရေးနည်းလမ်းအရ ဖြေရှင်းခြင်းမပြုဘဲ စစ်ရေးနည်းလမ်းဖြင့်ဖြေရှင်းခြင်းသည် ပြသနာကို ပြေလည်မှုမရနိုင်သလို လက်ရှိငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ပို၍ပင် အထစ်အငေါ့ဖြစ်စေနိုင်သည်။ NLD အစိုးရ၏ အဆိုပါညွှန်ကြားချက်သည် NLD အစိုးရတွင်ရှိနေသော ဗမာလူမျိုးကြီးဝါဒပွင့်ကျသွားခြင်းနှင့် ဒီမိုကရေစီအရေခြုံခြင်းကို ပေါ်လွင်စေသည်ဟု IKO မှ သုံးသပ်သည်။

၇။ ကရင့်တော်လှန်ရေး အနှစ် (၇၀)အတွေ့အကြုံအရ၊ ဗမာအုပ်စိုးသူလူတန်းစားတို့၏ အခွင့်အရေးပေးသွေးခွဲစည်းရုံးခြင်းကိုခံရသဖြင့် ကရင့်တော်လှန်ရေးအတွင်း၌သော်လည်းကောင်း၊ တိုင်းရင်းသားတပ်ပေါင်းစုကြီးအတွင်း၌သော်လည်းကောင်း ညီညွတ်ရေးများ ထိခိုက်ခဲ့ရသည်။ ထို့ကြောင့် ကရင့်တော်လှန်ရေးမှ ခွဲထွက်သောအဖွဲ့များအား ယခင်ကကဲ့သို့ တဖွဲ့တစည်းတည်းအဖြစ် ပြန်လည်ရပ်တည်ရန်၊ ဘဝတူတိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများနှင့် လက်တွဲဆောင်ရွက်အလေးပေးလုပ်ဆောင်ရန် အရေးကြီးပါသည်။ ကရင့်တော်လှန်ရေးရည်မှန်းချက် ဖြစ်သော အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်ကိုအခြေခံသော ဖယ်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရေးအတွက် အညှံ့မခံအရှုံး မပေးဘဲ မဆုတ်မနစ်သောဇွဲဖြင့် အောင်ပွဲရသည်အထိ တိုက်ပွဲဝင်သွားကြရန် ကရင့်တော်လှန်ရေးသမားများနှင့်အတူ IKO မှ သန္နိဌာန်ပြုပါသည်။

အလုပ်အမှုဆောင်ကော်မတီ

(IKO)နိုင်ငံတကာကရင်အဖွဲ့အစည်း


Media Contacts:
1. Saw Nicky (Karen & English) + 61 612 382 4782
2. Saw Kyaw Win (Karen & Burmese) + 61 469 735 441
3. Naw Htoo Khu Hsar Say (English & Karen) + 4411 4249 828